

# ဝတ်ပြုဆုတောင်းခြင်း အစီအစဉ်

ခရူးစူးအမှတ်တားခြင်း

ဦးဆောင်သူ - ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမတော်မြတ်နှင့် ..

- အာမင်။

(အဖွင့်ဓမ္မသီချင်း)

ပဏာမ ဆုတောင်းခန်း

ဦးဆောင်သူ - အိုသန့်ရှင်းသော ဝိညာဉ်တော်မြတ်ဘုရား ကြွလာတော်မူပါ။

ပရိတ်သတ် - ဘာသာတူ အပေါင်းတို့၏ နှလုံးကို ပြည့်ဝ စေတော်မူ၍ ချစ်လေးမြတ်ခြင်း မီးလျှံဖြင့် ထွန်းတောက် စေတော်မူပါ။

ဦးဆောင်သူ - ဝိညာဉ်တော်မြတ်ကို စေလွှတ်တော်မူသဖြင့် ဘာသာတူတို့၏ ဝိညာဉ်တို့သည် သန့်ရှင်းဖြူစင်ခြင်းသို့ ရောက်ပါလိမ့်မည်။

ပရိတ်သတ် - မြေမျက်နှာ ပြင်သည်လည်း အသစ် ပြုပြင်ခြင်းသို့ ရောက်ပါလိမ့်မည်။

ဦးဆောင်သူ + - ဆုတောင်းကြစို့။

ပရိတ်သတ် - သန့်ရှင်းသော ဝိညာဉ်တော်၏ ကျေးဇူးတော်အားဖြင့် ဘာသာတူ အပေါင်းတို့ကို သွန်သင်တော်မူသော အိုမြတ်စွာဘုရားသခင် ၄င်းဝိညာဉ်တော်အားဖြင့် ဖြောင့်မှန်ရာကို နှစ်သက်၍ သာယာချမ်းသာခြင်းကို ခံစားအံ့သောငှါ အကျွန်ုပ်တို့ သခင်ယေရှု၏ ကုသိုလ်တော် အကျိုးဆက်ကို ထောက်တော်မူ၍ အကျွန်ုပ်တို့အား ကယ်မသနားတော်မူပါ။ အာမင်။

နောင်တယူခြင်း

ဦးဆောင်သူ - ညီအစ်ကို မောင်နှမအပေါင်းတို့ ကျွန်ုပ်တို့၏ အပြစ်များကို စစ်ဆေး၍ ဝန်ခံကြစို့။

ပရိတ်သတ် - ကျွန်ုပ်သည် စိတ် နှုတ် အကျင့်တို့ဖြင့်၄င်း၊ ဝတ္တရား ပျက်ကွက်ခြင်းတို့ဖြင့်၄င်း၊ လွန်စွာ အပြစ် ပြုမိကြောင်းကို အနန္တ တန်ခိုးတော်ရှင် ဘုရားသခင်နှင့် ညီအစ်ကို မောင်နှမ အပေါင်းတို့အား ကျွန်ုပ် ဝန်ခံပါသည်။ (ကျွန်ုပ်အပြစ်)၃ ကြီးလှပါသည်ဖြစ်၍ မွန်မြတ်သော အစဉ်ကညာ မာရီယား သိကြားရဟန္တာ အပေါင်းတို့နှင့် ညီအစ်ကို မောင်နှမ အပေါင်းတို့အား ကျွန်ုပ်တို့အဖို့ ဘုရားသခင်ထံ အသနားခံ ပေးကြပါမည့်အကြောင်း ကျွန်ုပ်တို့ တောင်းပန်ပါသည်။

ဦးဆောင်သူ - အနန္တတန်ခိုးတော်ရှင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို သနားတော်မူသဖြင့် အပြစ်များကို အခွင့်လွှတ်တော်မူပါစေ။

ပရိတ်သတ် - အာမင်။

ဦးဆောင်သူ - ဘုရားသခင်ကျွန်ုပ်တို့ကို သနားတော်မူပါ။

ပရိတ်သတ် - ဘုရားသခင် ကျွန်ုပ်တို့ကို သနားတော်မူပါ။

ဦးဆောင်သူ - ခရစ္စတူးသခင် ကျွန်ုပ်တို့ကို သနားတော်မူပါ။

ပရိတ်သတ် - ခရစ္စတူးသခင် ကျွန်ုပ်တို့ကို သနားတော်မူပါ။

ဦးဆောင်သူ - ဘုရားသခင် ကျွန်ုပ်တို့ကို သနားတော်မူပါ။

ပရိတ်သတ် - ဘုရားသခင် ကျွန်ုပ်တို့ကို သနားတော်မူပါ။